USAID | BURMA
FROM THE AMERICAN PEOPLE

# ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ နှစ်ပတ်လည်စီမံကိန်းကြေငြာချက်

## APS No.: 7200AA19APS00007

## နောက်ဆက်တွဲကြေငြာချက်အမှတ်(၂)။ ။ မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်တွင် တရားမဝင် မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် မူးယစ်ဆေးစွဲပြဿနာကို ဖြေရှင်းခြင်း

## မေးခွန်းများနှင့် အဖြေများ

၁။ တစ်ဖွဲ့မက ပူးပေါင်းဆောင်ရွက်သည့် ပူးပေါင်းအဖွဲ့ (consortium) တစ်ခုတွင် အဖွဲ့မည်မျှ ပါဝင်ရမည်နည်း? ၎င်းတွင် အဖွဲ့ ၁ ဖွဲ့ သို့မဟုတ် ၂ ဖွဲ့ထက် ပိုပါ၍ ရပါသလား?

***USAID ၏အဖြေ။ ။ ၎င်းတွင် အဖွဲ့ ၁ ဖွဲ့ သို့မဟုတ် ၂ ဖွဲ့ထက်ပိုပြီး ပါဝင်နိုင်ပါသည်။***

၂။ ဒေသခံ ဆောင်ရွက်လုပ်ရှားသူဟု ဆိုရာတွင် ကချင်ပြည်နယ်အတွင်းမှ အဖွဲ့အစည်းများကိုသာ ဆိုလိုပါသလား?

***USAID ၏အဖြေ။ ။ ဒေသခံ ဆောင်ရွက်လှုပ်ရှားသူ ဆိုသည်မှာ ဒီဇင်ဘာ ၃ ရက်၊ ၂၀၁၉ နေ့စွဲဖြင့် ထုတ်ပြန်ထားသော ပြင်ဆင်ပြီးဖြစ်သည့် ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ APS ၏ အခန်း(၂)။ ။ "လျှောက်ထားသူအတွက် သတ်မှတ်ထားသော ရွေးချယ်သင့်သည့် အရည်အချင်း"တွင် ပါရှိသည့် ကချင်ပြည်နယ်အတွင်း သို့မဟုတ် ပြည်နယ်ပြင်ပမှ အရည်အချင်းများကို ပြည့်မှီသည့် မည်သည့် အဖွဲ့အစည်းကိုမဆို ဆိုလိုပါသည်။ သို့သော်လည်း လျှောက်ထားသော အဖွဲ့အစည်းသည် အရည်အချင်း ပြည့်မီကြောင်းကို တစ်ချက်ထဲကို ကြည့်ပြီး မဆုံးဖြတ်ပါ။ "ဒေသဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သော အစီအစဉ်"များ၏ အခြေအနေ စုစုပေါင်းကို ထည့်သွင်းစဉ်းစားပြီး ထိုအပေါ်တွင် အခြေတည် ဆုံးဖြတ်ပါသည်။***

၃။ မိမိတို့အဖွဲ့သည် အစိုးရထံတွင်မှတ်ပုံမတင်ထားသောကြောင့်ထောက်ပံ့ငွေ (grant) များကို လျှောက်ထား၍ ရပါသလား?

***USAID ၏အဖြေ။ ။ စိတ်ပါဝင်စားသော ဒေသခံအဖွဲ့အစည်းများသည် လုပ်ငန်းအဆိုပြုလွှာအကျဉ်းချုပ် (concept paper) တစ်ခုကို တင်ပြလျှောက်ထားရန်အတွက်ဖြစ်စေ၊ သို့မဟုတ် ထောက်ပံ့ငွေပေးအပ်ရေးအတွက် ထည့်သွင်းစဉ်းစားခံရစေရေးအတွက် ဖြစ်စေ အစိုးရထံတွင် မှတ်ပုံတင်ထားရန် မလိုအပ်ပါ။ အပေါ်က မေးခွန်းနံပါတ် (၂) ကို ကျေးဇူးပြုပြီး ကြည့်ပါ။***

၄။ ဤနိုင်ငံတွင် အဖွဲ့အစည်းအတော်များများသည် မှတ်ပုံမတင်ထားကြပါ။ USAID က ဤသို့ မှတ်ပုံတင်ထားခြင်းကို အဘယ်ကြောင့် လိုအပ်ပါသလဲ?

***USAID ၏အဖြေ။ ။ အကယ်၍ ရွေးချယ်ခြင်းခံရပါက ထောက်ပံ့ငွေ အဓိကရရှိသူ (Prime recipient) သည် ထောက်ပံ့ငွေ ရရှိချိန်တွင် အမေရိကန်အစိုးရ၏ စနစ်တစ်ခုဖြစ်သော "System for Award Management (SAM)" တွင် ခြွင်းချက်အနေဖြင့် ကင်းလွတ်ခွင့်ပေးခြင်းခံရသည်မှတပါး မှတ်ပုံမတင်မနေရ တင်ရမည်ဖြစ်သည်။ ကျေးဇူးပြုပြီး အပေါ်က မေးခွန်းနံပါတ် (၂) နှင့် (၃) တို့ကို ကြည့်ပါ။***

၅။ မှတ်ပုံတင်ရန် လျှောက်ထားပြီးဖြစ်သော်လည်း အတည်ပြုချက် မရသေး (မှတ်ပုံတင် မကျသေး)ပါက မည်သို့ဖြစ်မည်လဲ?

***USAID ၏အဖြေ။ ။ လျှောက်ထားလာသော concept note အားလုံးကို သုံးသပ် အကဲဖြတ်ပေးမည်ဖြစ်ပါသည်။ ထိုသို့ လျှောက်ထားချိန်တွင် မှတ်ပုံတင်ပြီးဖြစ်ခြင်း မလိုအပ်သေးပါ။ အကယ်၍ မှတ်ပုံတင်မထားသေးသော အဖွဲ့အစည်းတစ်ရပ်သည် ထောက်ပံ့ငွေ လက်ခံရန် အတွက် ရွေးချယ်ခြင်း ခံရပါက ၎င်းအဖွဲ့သည် ထောက်ပံ့ငွေကို မပေးအပ်သေးမီ မှတ်ပုံတင်ကို တင်ရမည် ဖြစ်ပါသည်။ ကျေးဇူးပြုပြီး အပေါ်က မေးခွန်းနံပါတ် (၂)နှင့် (၃)တို့ကို ကြည့်ပါ။***

၆။ မှတ်ပုံတင်ရေးအတွက် လိုအပ်ချက်များကို နောက်တစ်ကြိမ် ထပ်ရှင်းပြ၍ ရနိုင်မလား?

**USAID ၏အဖြေ။ ။ ကျေးဇူးပြုပြီး အပေါ်က မေးခွန်းနံပါတ် (၂)၊ (၃) နှင့် (၄)တို့ကို ကြည့်ပါ။**

၇။ မိမိတို့အဖွဲ့အစည်း အစိုးရထံတွင် မှတ်ပုံတင်ရန် လိုအပ်ကြောင်း USAID က အဘယ်ကြောင့် ဆိုပါသလဲ?

***USAID ၏အဖြေ။ ။ ကျေးဇူးပြုပြီး အပေါ်က မေးခွန်းနံပါတ် (၂)၊ (၃) နှင့် (၄) တို့ကို ကြည့်ပါ။***

၈။ ဆဒုံးမြို့နယ်သည် စီမံချက် ဧရိယာအတွင်း ပါဝင်ပါသလား? ပြည်ထောင်စုအစိုးရထံ တွင် မှတ်ပုံတင်နိုင်ရေးမှာ ခက်ခဲပါသည်။ မြို့နယ်၊ ခရိုင်နှင့် ဗဟိုအဆင့်အထိ အဆင့်ဆင့် လျှောက်ထားရပါသည်။ ဤလုပ်ငန်းစဉ်အတွက် USAID က မည်သို့ ကူညီနိုင်ပါသနည်း?

***USAID ၏အဖြေ။ ။ အကယ်၍ မိတ်ဆွေပြောသော ဒေသသည် ကချင်ပြည်နယ် အတွင်းတွင် တည်ရှိလျှင် လုပ်ငန်းလုပ်ရန် ငွေကြေးထောက်ပံ့မည့် ယခုအစီအစဉ်သို့ လျှောက်ထားနိုင်ပါသည်။ USAID သည် မှတ်ပုံမတင်ရသေးသော လျှောက်ထားသူများနှင့် မှတ်ပုံတင်ရေးလုပ်ငန်းစဉ်ကို ဆွေးနွေးညှိနှိုင်းပြီး မှတ်ပုံတင်နိုင်ရေးအတွက် ၎င်းတို့နှင့်အတူ အတတ်နိုင်ဆုံး လက်တွဲကူညီဆောင်ရွက်ပေးပါမည်။***

၉။ ဒေါ်လာ ၄၀၀၀၀၀ ထက်နည်းသော ပမာဏကို လျှောက်ထားနိုင်ပါသလား?

***USAID ၏အဖြေ။ ။ USAID သည် ဒေါ်လာ ၄၀၀၀၀၀ အောက်ပမာဏရှိသော လုပ်ငန်းများကို ထောက်ပံ့ငွေ မပေးပါ။***

၁၀။ အကယ်၍ လျှောက်ထားသော ထောက်ပံ့ငွေသည် ဒေါ်လာ ၄၀၀၀၀၀ ဆိုလျှင် ဤမျှလောက်များပြားသည့် ထောက်ပံ့ငွေပမာဏကို စီမံခန့်ခွဲရန် အတွေ့အကြုံမရှိမည်ကို မိမိတို့ စိုးရိမ်ပါသည်။ USAID က မိမိတို့ကို လေ့ကျင့်သင်ကြားပေးရန် အစီအစဉ်များ ရှိပါသလား?

***USAID ၏အဖြေ။ ။ USAID သည် တစ်ခါတည်း သတ်မှတ်ပြီးသားဖြစ်သော "Fixed Amount Award"ကို ထောက်ပံ့ပေးပါမည်။ လုပ်ငန်းအစီအစဉ်တွင် ဖော်ပြထားသော အောင်မြင်ပြီးမြောက်မှုအပေါ် မူတည်ပြီး ထောက်ပံ့ငွေကို ပေးမည်ဖြစ်သည်။ USAID နှင့် ယခင်အလုပ်အတူ မလုပ်ဖူးသည့် လုပ်ဖော်ကိုင်ဖက် (Partner)များသည် သက်ဆိုင်ရာ အဖွဲ့အစည်း၏ စွမ်းဆောင်ရည်နှင့် လုပ်ဆောင်နိုင်စွမ်းတို့ တိုးတက်လာစေရန် ထောက်ပံ့မှုနှင့် လမ်းညွှန်မှုအချို့ ရရှိနိုင်ပါသည်။***

၁၁။ လက်ခံရယူမည့်ထောက်ပံ့ငွေသည် ၅၀% ထက် မကျော်ရဆိုသည်မှာ အဘယ်နည်း?

***USAID ၏အဖြေ။ ။ ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆိုင်ရာ APS ကို ဒီဇင်ဘာ ၃ ရက်၊ ၂၀၁၉ က ပြင်လိုက်ပြီဖြစ်သည့်အတွက် ဤအချက် မလိုအပ်တော့ပါ။ ဤသို့ ပြင်လိုက်သော APS ၏ အခန်း (၂) "လျှောက်ထားသူများအတွက် သတ်မှတ်ထားသော ရွေးချယ်သင့်သည့် အရည်အချင်း"အောက်တွင် အရည်အချင်းပြည့်မီသော လျှောက်ထားသူသည် "လွန်ခဲ့သော ငါးနှစ်အတွင်း USAID ထံမှ ဒေါ်လာ ၅ မီလီယံ ထက်ကျော်လွန်ပြီး တိုက်ရိုက်ထောက်ပံ့ငွေ လက်ခံခဲ့ခြင်းမရှိရပါ"ဟု ဖော်ပြထားပါသည်။***

၁၂။ ဤစီမံကိန်းမှ ပေးအပ်သည့် ထောက်ပံ့ငွေအရ အကောင်အထည်ဖော်သည့် လုပ်ငန်း၏ ကြာချိန်မည်မျှနည်း? ခြောက်လ သို့မဟုတ် ဆယ့်နှစ်လလား?

*USAID ၏အဖြေ။ ။ ဤစီမံကိန်းက ပေးအပ်သည့် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော အလုပ်တို့သည် ထောက်ပံ့ငွေတစ်ခုလျှင် ၃ နှစ်ထက် မကျော်လွန်စေရ။ လုပ်ငန်းလုပ်ဆောင်ချိန် ၂ နှစ်နှင့် ၃ နှစ်အကြားရှိ Concept notes များကို မိမိတို့ မျှော်လင့်သည်။*

၁၃။ လျှောက်ထားသူများသည် သုံးသပ်အကဲဖြတ်ခြင်းဆိုင်ရာ စံသတ်မှတ်ချက် ၆ ခုနှင့် ညီညွတ်ရမည်ဟု USAID က ပြောပါသည်။ အကယ်၍ သတ်မှတ်ချက်တစ်ခု (သို့မဟုတ်) နှစ်ခုသာ ပြည့်မီသော လျှောက်ထားသူကို USAID က ရွေးချယ်ပါမည်လား?

*USAID ၏အဖြေ။ ။ စိတ်ဝင်စားသော လျှောက်ထားသူများက အချိန်မီ တင်ပြလာသည့် concept note များကို ရွေးချယ်ရေးကော်မတီက APS တွင် ပါရှိသည့် "ပြင်ပမှ သုံးသပ်အကဲဖြတ်စစ်ဆေးခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ" (ပြင်လိုက်သော APS ၏ အခန်း(၉)ကို ကြည့်ပါ)နှင့် နောက်ဆက်တွဲ ကြေငြာချက်အမှတ်(၂) (နောက်ဆက်တွဲကြေငြာချက်၏ အခန်း(၄)ကို ကြည့်ပါ) တို့ပါ အချက်များအရ စစ်ဆေးပြီး ရရှိသည့် ရမှတ်ပေါင်းကို အသုံးပြုကာ သုံးသပ်အကဲဖြတ်ပါမည်။ USAID မဟုတ်သော အခြားပြင်ပအဖွဲ့အစည်းတစ်ရပ်ရပ်ကို စစ်ဆေးအကဲဖြတ်ခြင်းသည် ပဓာနကျသော်လည်း ငွေကြေးကုန်ကျစရိတ်ကိုပါ ထောက်ပံ့ငွေပေးအပ်ခြင်းတွင် အချက်တစ်ရပ်အဖြစ် စဉ်းစားမည်။ အမေရိကန်အစိုးရသည် တင်ပြတောင်းခံလာသည့် ငွေပမာဏ အနည်းဆုံးဖြစ်သော လျှောက်ထားသူ သို့မဟုတ် ထိုသို့ ပြင်ပမှ စစ်ဆေးခြင်းလုပ်ငန်းစဉ်တွင် သုံးသပ်ချက်ရလဒ် အကောင်းဆုံးဖြစ်သူကိုသာ အဓိကထား စဉ်းစားပြီး ထောက်ပံ့မှုပေးရန် တာဝန်မရှိပါ။*

၁၄။ မိမိတို့သည် ကျောင်းများတွင် မူးယစ်ဆေးသုံးစွဲခြင်းနှင့် သက်ဆိုင်သည့် အသိပညာမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မူးယစ်ဆေးသုံးစွဲခြင်းကို တားမြစ်ရေး ခြေလှမ်းတစ်ရပ်အနေဖြင့် ကျောင်းသား ယခုတစ်ကြိမ်တွင် ကျောင်းသား ၁၀၀၀ ခန့်ကို ဦးတည်လိုပါသည်။ "တားဆီးရေး အပိုင်း"တစ်ခုတည်းကိုသာ မိမိတို့ လျှောက်ထားနိုင်မည့် နည်းလမ်းတစ်ခုခု ရှိပါသလား?

*USAID ၏အဖြေ။ ။ လျှောက်ထားသူများသည် "နောက်ဆက်တွဲကြေငြာချက်နံပါတ် (၂) တွင် ဖော်ပြထားသော ရည်မှန်းချက်များနှင့် ကိုက်ညီနေသရွေ့ မည်သည့်လုပ်ငန်းမျိုးကိုမဆို လျှောက်ထားသူများက concept paper ကို တင်ပြလျှောက်ထားနိုင်ပါသည်။*

၁၅။ အကြံပေးအဖွဲ့၏ အဖွဲ့ဝင်များရော ရွေးချယ်ရေးကော်မတီတွင် ပါဝင်ပါမည်လား?

*USAID ၏အဖြေ။ ။ အကြံပေးအဖွဲ့ဝင်များသည် ထောက်ပံ့ငွေ လျှောက်ထားသော အဖွဲ့တစ်ခုခုက မဟုတ်လျှင် ရွေးချယ်ရေးလုပ်ငန်းစဉ်၏ ဒုတိယအဆင့်၌ မဲပေးခွင့်မရှိသော အဖွဲ့ဝင်မျိုး*

*(Non-voting member) အဖြစ် ပါဝင်နိုင်ပါသည်။ အပြီးသတ် ဆုံးဖြတ်ချက်ကို USAID Agreement Officer က ချမှတ်ပါမည်။*

၁၆။ မိမိတို့သည် ''မူလအဓိက လျှောက်ထားသူ'' (prime) နှင့် ''ပူးပေါင်းပါဝင်လာသူ'' (sub) နှစ်မျိုးစလုံးပါသော concortium proposal တစ်ခု ရေးဆွဲလျှောက်ထားကောင်း လျှောက်ထားနိုင်ပါသည်။ အကယ်၍ prime applicant သည် မှတ်ပုံတင်ပြီးသော အဖွဲ့အစည်းတစ်ခုဖြစ်လျှင် subs များရော မှတ်ပုံတင်ရန် လိုအပ်ပါသလား?

*USAID ၏အဖြေ။ ။ အပေါ်က မေးခွန်း နံပါတ် (၂) နှင့် (၃) နှင့် (၄) တို့ကို ကျေးဇူးပြု၍ ကြည့်ပါ။*

၁၇။ လျှောက်ထားသည့် အဖွဲ့အစည်းတစ်ခု အောင်မြင်ကြောင်းကို မည်သူက ဆုံးဖြတ်ချက် ချမှတ်ရွေးချယ်ပါသနည်း?

*USAID ၏အဖြေ။ ။ အပြီးသတ် ဆုံးဖြတ်ချက်ကို USAID Agreement Officer က ချမှတ်ပါသည်။*

၁၈။ မိမိတို့သည် concept paper များကို ခေါ်ယူသော ဤကြေငြာချက်ကို လွန်စွာ စိတ်ဝင်စားသည့်အတွက် ''ရွေးချယ်သင့်သောအရည်အချင်း''နှင့် ''ထောက်ပံ့ငွေဆိုင်ရာ သတင်းအချက်အလက်''တို့တွင် ပါရှိသည့် ဖော်ပြချက်တချို့နှင့် ပတ်သက်၍ မေးမြန်းစုံစမ်းလိုပါသည်။ ၎င်းတွင် ''အခန်း(၂)၌ ဖော်ပြထားသည့်အတိုင်း လျှောက်ထားသည့် အဖွဲ့အစည်းများသည် ဒေသခံ အဖွဲ့အစည်းများ ဖြစ်ရမည်''ဟူ၍လည်းကောင်း၊ <u>''မည်သည့် လွန်ခဲ့သော ဘဏ္ဍာနှစ် ၃ နှစ်အတွင်းမဆို နှစ်စဉ် လုပ်ငန်းဆောင်ရွက်မှု အသုံးငွေစာရင်းသည် USAID က ထောက်ပံ့ငွေ၏ ၅၀ ရာခိုင်နှုန်းထက် မကျော်ရပါ''</u> ဟုလည်းကောင်း ဖော်ပြထားပါသည်။ ဤ USAID ထောက်ပံ့ငွေ ၅၀ ရာခိုင်နှုန်းဆိုသည်ကို မိမိတို့ မေးလိုပါသည်။ လွန်ခဲ့သော ဘဏ္ဍာနှစ် ၃ နှစ်အတွင်း မိမိတို့ အမေရိကန်ဒေါ်လာ ၈၀၀၀၀ ရရှိခဲ့ပါသည်။ သို့သော် ဥပမာအားဖြင့် 3MDG ၊ ATH ၊ INL ၊ CHAI နှင့် Global Fund စသည်တို့မှ ထိုပမာဏထက်ကျော်လွန်ပြီး ရရှိခဲ့ပါသည်။ ၎င်းသည် စုစုပေါင်း နှစ်စဉ် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အသုံးငွေ (Annual Operational Budget) အရ အမေရိကန်ဒေါ်လာ ၁.၄ မီလီမှ ၉၀၀၀၀၀ အကြား ရှိပါသည်။ ထို့ကြောင့် ဤကြေငြာချက်အရ မိမိတို့ လျှောက်ထားနိုင်ပါမည်လား သိပါရစေ?

*USAID ၏အဖြေ။ ။ ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ APS ကို ဒီဇင်ဘာ ၃ ရက်၊ ၂၀၁၉ ကို ပြင်လိုက်ပြီဖြစ်သည်။ ဤသို့ ပြင်လိုက်သော APS ၏ အခန်း(၂) ''လျှောက်ထားသူများအတွက် သတ်မှတ်ထားသော ရွေးချယ်သင့်သည့် အရည်အချင်း''အောက်တွင်*

*အရည်အချင်းပြည့်မီသော လျှောက်ထားသူသည် “လွန်ခဲ့သော ငါးနှစ်အတွင်း USAID ထံမှ ဒေါ်လာ ၅ မီလီယံ ထက်ကျော်လွန်ပြီး တိုက်ရိုက်ထောက်ပံ့ငွေ လက်ခံရရှိခဲ့ခြင်းမရှိခဲ့ပါ”ဟု ဖော်ပြထားပါသည်။*

၁၉။ မိမိတို့သည် USAID နှင့် တစ်ခါမှ အလုပ်တွဲမလုပ်ဖူးပါ။ ဤထောက်ပံ့ငွေအတွက် USAID နှင့် တွဲဖက်လုပ်ဆောင်နိုင်ရန် မိမိတို့ သိသင့်သော သတ်မှတ်ထာေးသာ အရည်အချင်းနှင့် စံသတ်မှတ်ချက်များကို ပို၍ သိလိုပါသည်။ concept paper ကို ကချင်ဘာသဖြင့် ရေးသားလျှောက်ထားနိုင်ပါသလား?

***USAID ၏အဖြေ။ ။*** *သတ်မှတ်ထားသော အရည်အချင်း လိုအပ်ချက်အတွက် ဒီဇင်ဘာ ၃၊ ၂၀၁၉ နေ့စွဲဖြင့် ထုတ်ပြန်သော “ပြင်လိုက်သည့် ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ APS ၏ အခန်း(၂)ရှိ “လျှောက်ထားသူများအတွက် သတ်မှတ်ထားသော ရွေးချယ်သင့်သည့် အရည်အချင်း”ကို လေ့လာဖတ်ရှုပါ။ သို့သော်လည်း လျှောက်ထားသော အဖွဲ့အစည်းသည် အရည်အချင်းပြည့်မီကြောင်းကို တစ်ချက်ထဲကို ကြည့်ပြီး မဆုံးဖြတ်ပါ။ USAID သည် “ဒေသဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သော အစီအစဉ်”များ၏ အခြေအနေစုစုပေါင်းကို ထည့်သွင်းစဉ်းစားပြီး ထိုအပေါ်တွင် အခြေတည်ဆုံးဖြတ်ပါမည်။ concept paper များကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာ သို့မဟုတ် ဂ္ိန်းဖောဘာသာများဖြင့် ရေးသားလျှောက်ထားနိုင်ပါသည်။*

၂၀။ Public International Organization (PIO) သည် ဤ ထောက်ပံ့ငွေပေးခြင်းလုပ်ငန်းစဉ်အတွက် အကျုံးဝင်မဝင် သိလိုပါသည်။ မိမိတို့သည် မူးယစ်ဆေးသုံးစွဲမှု တားဆီးရေးနှင့် ကုသရေးနှင့် ပတ်သက်ပြီး များစွာ ကျွမ်းကျင်ပါသည်။ အလှူရှင်များစွာတို့ထံမှ ထောက်ပံ့ငွေများကို အသုံးပြုပြီး၊ မြန်မာနိုင်ငံတွင် ဆက်လက်ဆောင်ရွက်နေသော စီမံကိန်းများလည်း များစွာ ရှိပါသည်။ USAID အနေဖြင့် PIO သည် လျှောက်ထားရန် အကျုံးဝင်မဝင်ကို အတည်ပြုပေးပြီး အကယ်၍ အကျုံးမဝင်ပါက မိမိတို့၏ ကျွမ်းကျင်မှုဖြင့် ထောက်ပံ့ကူညီနိုင်သည့် ဒေသခံအဖွဲ့အစည်းတစ်ခုဖြင့် လက်တွဲဆောင်ရွက်လျှင် အကျုံးဝင်လာနိုင်ပါမည်လားဆိုသည်ကို သိလိုပါသည်။

***USAID ၏အဖြေ။ ။*** *ဒီဇင်ဘာ ၃၊ ၂၀၁၉ နေ့စွဲဖြင့် ထုတ်ပြန်သော “ပြင်လိုက်သည့် ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေးလုပ်ငန်း များဆိုင်ရာ APS ၏ အခန်း(၂)ရှိ “လျှောက်ထားသူများအတွက် သတ်မှတ်ထားသော ရွေးချယ်သင့်သည့် အရည်အချင်း”ကို လေ့လာဖတ်ရှုပါ။ ဒေသခံအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်မည် မဆောင်ရွက်မည်ဆိုသည်မှာ ထိုအဖွဲ့အစည်း၏ သဘောသာ ဖြစ်ပါသည်။*